လူတွေရဲ့အခြေအနေဟာ မည်သို့ဖြစ်သွားကြသနည်း။ သူတို့ဟာမိမိတို့ရဲ့ဆွလာသ်ဝတ်ပြုမှုအတွင်း မျက်လုံးတွေကိုမိုးကောင်းကင်ဘက်သို့ မော့ကြည့်နေကြသည်။"

ထိုကိစ္စနှင့် ပတ်သက်၍ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ မိန့်ကြားချက်မှာ

အလွန်ပြင်းထန်ခဲ့ပြီး၊ နောက်ဆုံး ကိုယ်တော်သည် (ဤမျှထိပင်ပြင်းထန်စွာ) မိန့်တော်မူသည်။ " ၎င်းတို့သည်ထိုအပြုအမူမှ သေချာပေါက် ရှောင်ကြဉ်ရမည်။

သို့မဟုတ်ပါက သူတို့၏ အမြင်အာရုံများကို

သုတ်ယူသွားခြင်း (မျက်စိများကန်းသွားကျလိမ့်မည်)

ခံရလိမ့်မည်။

အနတ်စ် ဗင်န် မာလစ်က် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော် မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "လူတွေရဲ့အခြေအနေဟာ
မည်သို့ဖြစ်သွားကြသနည်း။ သူတို့ဟာ မိမိတို့ရဲ့ဆွလာသ်ဝတ်ပြုမှုအတွင်း
မျက်လုံးတွေကို မိုးကောင်းကင်ဘက်သို့ မော့ကြည့်နေကြသည်။" ထိုကိစ္စနှင့် ပတ်သက်၍တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ မိန့်ကြားချက်မှာ
အလွန်ပြင်းထန်ခဲ့ပြီး၊ နောက်ဆုံး ကိုယ်တော်သည် (ဤမျှထိပင်ပြင်းထန်စွာ)
မိန့်တော်မူသည်။ " ၎င်းတို့သည် ထိုအပြုအမူမှ သေချာပေါက် ရှောင်ကြဉ်ရမည်။
သို့မဟုတ်ပါက သူတို့၏ အမြင်အာရုံများကို သုတ်ယူသွားခြင်း (မျက်စိများကန်းသွားကျလိမ့်မည်) ခံရလိမ့်မည်။"
[صحيح] [رواه البخاري]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ဆွလာသ်အတွင်း၌ ဒုအာဖတ်နေစဉ်ဖြစ်စေ၊အခြားအချိန်ဖြစ်စေ မိမိတို့၏မျက်လုံးများကို မိုးကောင်းကင်သို့မော့ကြည့်သောသူများအား သတိပေးတားမြစ်တော်မူခဲ့သည်။ ထို့နောက်ထိုသို့ပြုလုပ်သူများအား ပြင်းထန်စွာ ပြစ်တင်သတိပေး၍ “သူတို့၏မျက်စိအမြင်များသိမ်းဆည်းခြင်းခံရမည်ကို ကျွန်ုပ် စိုးရိမ်မိသည်” — ဆိုလိုသည်မှာ ရုတ်တရက်၎င်းတို့၏ မျက်စိအမြင်များ ပျောက်ကွယ်သွားပြီး ၎င်းတို့ပင် မသိလိုက်ဘဲမျက်စိအမြင်အာရုံဆိုင်ရာ နိအ်မသ်တော်မှ ကင်းမဲ့သွားကြရလိမ့်မည်ဟုမိန့်ကြားတော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/10883